# ကန်ရေ-၂ကျေးရွာ

# မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၇- ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကန်ရေ-၂ကျေးရွာ၊ မင်းဘူးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

## မာတိကာ


မာတိကာ ၁

စကားချီး ၅

ကန်ရေ-၂ ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ် ၇

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့် ၂၀
အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် ၂၇
အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက်
အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ
အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့်
စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၉၂
ကော်မတီစာရင်း ၉၆
ကိုးကားစာရင်း ၉၇

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများ မှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများစုစည်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၊ ၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကန်ရေ-၂ကျေးရွာ
မင်းဘူးမြို့နယ်

ကန်ရေ–၂ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မင်းဘူးမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁။ နိဒါန်း

### (က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီး ပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာန ဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထို ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကို ရစေပြီး ကျေးရွာဖွံ့ဖြိုးရေး နှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်

အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင်ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မင်းဘူး-အမ်းကားလမ်းမပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မင်းဘူးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ငန်းများဖြစ်ပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ စိုက်ပျိုးရေးလုပ်ငန်းများအား အသင့်အတင့်အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိပြီး ကျေးရွာတွင် တော၊ တောင်၊ မြစ်၊ ချောင်းများမရှိပါ။ မြေအနေအထားမှာ မြေပြန့်ဖြစ်ပါသည်။ လယ်ယာမြေများသည် စပါး၊ ပဲစိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကြောင်းရန်အတွက် အဓိကအားထားရာဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျွန်ုပ်တို့ကျေးရွာတွင် ကာဗွန်၊ ရေနံ၊ ဓါတ်ငွေ့များမထွက်ပါ။ အခြားအရင်းအမြစ်များလည်းနည်းပါးပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များမှာလည်း အချို့သောသူများ၏

စည်းကမ်းမဲ့မှုများကြောင့် ရရှိနိုင်မှုနည်းပါးပြီး လက်လှမ်းမမီနိုင်ပါ။ သဘာဝအပင်မျိုးစိတ်များမှာ မျက်ကျိန်၊ ပန်းတော်၊ နံ့စား၊ ကောက်ရိုးမြက်တို့ ဖြစ်ပါသည်။ ဆေးဖက်ဝင်အပင်များမှာ မကွေးတိုင်းအပူပိုင်းဒေသဖြစ်၍ ဆူးပါသော ဆေးဖက်ဝင်အပင်များရှိပါသည်။ လယ်ယာမြေ ပတ်ဝန်းကျင်၌ နည်းပါးစွာ ရှာဖွေရရှိပါသည်။ အိမ်သုံးဆေးအဖြစ် ရှားစောင်းလက်ပတ်၊ ကိုယ်ရန်ကြီးဂမုန်း၊ ဂမုန်းခတ္တာ၊ သရင်းကြီး၊ လင်းနေ အစရှိသော ဆေးပင်တို့ကိုမိမိတို့အသုံးပြုရန်သာ တစ်ပင်စ နှစ်ပင်စ စိုက်ပျိုးထားခြင်းရှိကြသောကြောင့် အသင့်အတင့်သာဖြစ်၍ ထိရောက်တွင်ကျယ်စွာ လက်လှမ်းမီမှုအားနည်းပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၀၀)စုရှိပြီး လူဦးရေစုစုပေါင်း(၄၁၅)ဦးရှိပါသည်။ (၁)နှစ်အောက် နို့စို့အရွယ်ကလေး(၅)ဦးရှိပါသည်။(၁)နှစ်မှ (၅)နှစ်အထိ(၃၄)ဦးရှိပါသည်။ (၅)နှစ်မှ (၉)နှစ်အထိလည်း (၃၄)ဦးရှိပါသည်။ (၉)နှစ်မှ (၁၅)နှစ်အထိ(၄၆)ဦး ရှိပါသည်။(၁၅)နှစ်မှ (၆၀)နှစ်အထိ ကျား(၁၃၅)ဦး၊ မ(၁၄၁)ဦး စုစုပေါင်း(၂၇၆)ဦးရှိပါသည်။ (၆၀)နှစ်အထက် သက်ကြီးရွယ်အို မ(၉)ဦး၊ ကျား(၁၁)ဦး၊ စုစုပေါင်း(၂၀)ဦးရှိပါသည်။ တစ်အိမ်ထောင်စုတွင် ပျမ်းမျှလူဦးရေ (၄)ဦးရှိပြီး နိုင်ငံတော်မှ ချမှတ်ထားသော စံနှုန်းနှင့် မကိုက်ညီကြောင်း တွေ့ရှိရပါသည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင် အိမ်ထောင်စု(၁၀၀)စု၊ လူဦးရေ(၄၁၅)ဦးရှိရာတွင် ကျား(၂၀၁)၊ မ(၂၁၄)ဦးဖြင့် ဖွဲ့စည်းနေထိုင်သော ကျေးရွာဖြစ်သည့်အလျောက် စိုက်ပျိုးရေးသီးနှံထုတ်လုပ်ရေးလုပ်ငန်းမှာ ကိုယ်ပိုင်(၃၈)ဦး၊ မိသားစုဝင်လုပ်အား(၃၈)ယောက်ရှိပြီး စိုက်ပျိုးရေးကျပန်းအလုပ်သမား(၃၈)အိမ်၊ မိသားစုဝင်လုပ်အား(၅၀)ဦးတွဲဖက်လုပ်ကိုင်သူဦးရေ (၈)ယောက်ရှိပါသည်။ တိရစ္ဆာန်မွေးမြူရေးနှင့် ပတ်သက်၍ လက်လှမ်းမမီပါ။ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်းမှာ အိမ်ထောင်စု (၁)စု မိသားစုဝင်လုပ်အား(၁)ယောက်တို့ဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် လယ်ယာမြေပေါင်း(၂၈၉.၉%)အိမ်ထောင်စု (၁၀၀)ရှိပါသည်။ ပျမ်းမျှအားဖြင့် တစ်အိမ်ထောင်လျှင်(၂.၈%)ရရှိပိုင်ဆိုင်ပါသည်။ သို့သော်ကုန်ကျစရိတ်များကြောင့် သိုလှောင်မှုမှာ အသင့်အတင့်ရှိပါသည်။ ရေ၊ မြေသဘာဝများသည် အလတ်စားဖြစ်ပြီး တခါတရံနှစ်များတွင် မိုးခေါင်မှုများ ကြုံတွေ့ရလေ့ရှိပါသည်။ အပူပိုင်းဒေသဖြစ်၍ မီးဘေးအန္တရာယ်လည်း စိုးရိမ်ရပါသည်။ မြေဆီလွှာပျက်စီးမှု နည်းပါးပါသည်။ သစ်ပင်များအား စည်းကမ်းမဲ့စွာ ခုတ်ထွင်ခြင်းကြောင့် သစ်တောများပြုန်းတီးနိုင်ပါသည်။ ငှက်ဖျား၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ တီဘီရောဂါများမှာ ကျန်းမာရေးဌာနဆိုင်ရာများမှ အသိပညာပေးဟောကြားခြင်း၊ တိကျစွာ ကုသခြင်းတို့ကြောင့် နည်းပါးပါသည်။ ရွာအတွင်း ပဋိပက္ခမရှိပါ။ လူကုန်ကူးမှုများမရှိပါ။ တိရစ္ဆာန်ကူးစက်ရောဂါမှ ရာသီဥတုအပေါ်မူတည်၍ ခွာနာလျှာနာဖြစ်လေ့ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါသည်။ ကျေးရွာတွင် လယ်ယာမြေများပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ(၁၁)စုရှုပြီး၊ အလတ်စားအိမ်ထောင်စုမှာ (၂၆)စု၊ ဆင်းရဲသောအိမ်ထောင်စု(၃၃)စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုမှာ(၃၀)စု ရှိကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင် ဝမ်းစာဖူလုံမှု အဆင့်(၃)နှင့်(၄)တို့မှာ အိမ်ထောင်စု (၅)စု၊ (၃)လအောက် ဝမ်းစာဖူလုံသည့် အိမ်ထောင်စု(၈)စု၊ (၃)လမှ(၆)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုမှာ(၁၃)စုဖြစ်၍ စုစုပေါင်း အိမ်ထောင်စု(၂၁)စုမှာ ပက်မြန်မာမှ ချေးယူရရှိသည့် အတိုးစနစ်ဖြင့် ငွေချေးယူဖြေရှင်းရကြောင်း တွေ့ရှိရပါသည်။ ကျန်လများ၌ ဝမ်းစာဖူလုံမှုမရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် မိသားစုစောင့်ရှောက်ခံရမှုမရှိသော အသက်(၆၀)နှစ်အထက် သက်ကြီးရွယ်အို ကျား(၂)ဦး၊ မ(၁)ဦးရှိပါသည်။ ကျေးရွာတွင် မသန်စွမ်းသောပုဂ္ဂိုလ်များမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင်သောအိမ်ထောင်စု (၁)စု ရှိပါသည်။ ဆင်းရဲ၍ မိသားစုများသော မုဆိုးဖို(၁)ဦး၊ မုဆိုးမ(၁)ဦးရှိပါသည်။အခြားဒေသများသို့ ကြာမြင့်စွာ နေထိုင်သွားရောက်လုပ်ကိုင်နေသည့် အိမ်ထောင်စု(၁)စု ရှိပါသည်။ ထို့ကြောင့် ကူညီစောင့်ရှောက်မည့် လူမှုအဖွဲ့အစည်းများ လိုအပ်ပါသည်။ ကျေးရွာတွင် ဒေသတွင်းမှ နေထိုင်သူများပါသည်။ မတော်တဆထိခိုက်မှုဖြစ်နိုင်ချေများသည့် (Prone Accident)နေရာများတွင် နေထိုင်သူမရှိပါ။ သို့သော် ကားလမ်းမဘေးတွင်တည်ရှိသော ကျေးရွာဖြစ်ပါသည်။

စက်ချုပ်အိမ်ထောင်စု(၁)စု (၁)ယောက်၊ လက်လီလက်ကားဈေးသည်အိမ်ထောင်စု (၄)စု မိသားစုဝင်လုပ်အား(၆)ယောက်၊ တွဲဘက်(၅)ယောက်ရှိပါသည်။ ရာသီအလိုက်ကျပန်းအလုပ်သမားအိမ်ထောင်စု(၁၆)စု၊ မိသားစုဝင်လုပ်အား(၁၉)ယောက်၊ တွဲဖက်လုပ်ကိုင်သူ (၃)ဦး ရှိပါသည်။ဆရာမ(၁)ဦးနှင့် အလှအပပြုပြင်သူ(၁)ဦးရှိပါသည်။ အိမ်တွင်းအငှားအကူလုပ်သူနှင့် အမျိုးအမည်မဖော်ပြနိုင်သူအလုပ်သမား(၂)ဦးရှိပါသည်။ ပြင်ပအဖွဲ့အစည်းများ

နှင့် ကုမ္ပဏီများတွင် ကျပန်းလုပ်ကိုင်သူ အလုပ်သမား(၃)ဦးရှိပါသည်။ ကျေးရွာတွင် မိုခို(၂၆၉)ဦးရှိပါသည်။ ကျေးရွာတွင် လယ်ယာအငှားနေ့စားအနေဖြင့် အမျိုးသားလုပ်အားခ အများဆုံး(၅၀၀၀)ကျပ်၊ အနည်းဆုံး(၃၀၀၀)ကျပ်နှင့် အမျိုးသမီး လုပ်အားခအများဆုံး (၄၀၀၀)ကျပ်၊ အနည်းဆုံး(၂၀၀၀)ကျပ်ရှိပါသည်။ စက်ချုပ်လုပ်ငန်းမှာ အများဆုံး (၅၀၀၀)ကျပ်နှင့်အနည်းဆုံး(၃၀၀၀)ကျပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု ခနအဆင့်(၁)မှာ (၁၁)အိမ်ရှိပြီး လယ်ယာပိုင်ဆိုင်မှု(၂၅)ကေ၊ နွားလှည်း (၁)စီး၊ လက်တွန်းထွန်စက်(၁)လုံးစီနှင့် ရေစုပ်စက်(၁)လုံးစီရှိကြပါသည်။ ခနအဆင့်(၂)မှာ (၂၆)ဦးရှိပြီး လယ်ယာ(၁၂)ကေနှင့် နွားလှည်း(၁)စီးစီရှိကြပါသည်။ ခနအဆင့်(၃)မှာ ဦးရေ(၃၃)ဦးထိရှိပြီး လယ်ယာမြေကေ(၂)ကေစီ ပိုင်ဆိုင်ကြပါသည်။ နွားလှည်းမရှိပါ။ စိုက်ပျိုးရေးအတွက် လယ်ထွန်စက်များကို အခကြေးငွေဖြင့် ငှားရမ်းလုပ်ကိုင်ကြရပါသည်။ ခနအဆင့်(၄)မှာ အိမ်ထောင်စု(၃၀)စု ရှိပြီး ၎င်းတို့၏ပိုင်ဆိုင်မှုများမှာ ဖုန်း(၁)လုံး၊ ရေဒီယို(၁)လုံးနှင့် ပေါက်တူး၊ ပေါက်ပြားများ ပိုင်ဆိုင်ကြပါသည်။ နေ့စားအငှား လုပ်ကိုင်ကြပြီး နေ့စဉ်မပြတ် အလုပ်အကိုင်မရရှိခြင်းကြောင့် ၎င်း(၃၀)ဦးမှာ လုံလောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သူ(၄၅)ဦးရှိပြီး လယ်စိုက် ကေ(၁၃၃)ကေဖြစ်၍ ခြွေလှေ့စက်(၁)လုံး၊ ရေစုပ်စက်(၁)လုံးသာရှိကြောင်း တွေ့ရှိရပါသည်။ ငွေကြေးနှင့် နည်းပညာ အဖက်ဖက်မှ အားနည်းနေကြောင်းတွေ့ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေး၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာ ကူးစက်ရောဂါ၊ ဆီးချို၊ သွေးတိုး၊ အသည်းရောဂါ၊ အသည်းရောင်အသားဝါ (ဘီ)(စီ) နှင့် အာဟာရချို့တဲ့မှုများ နိမ့်ကျရခြင်းမှာ ကျန်းမာရေးလက်လှမ်းမီခြင်းနှင့် ပညာရေးဆွေး နွေးမှုများ ပြုလုပ်ခြင်းကြောင့်ဖြစ်ပြီး HIV, AIDSနှင့် ၄က်ဖျားရောဂါများမရှိရခြင်းမှာ နယ်ထွက်လုပ်ကိုင်သူ နည်းပါးခြင်း၊ ကျန်းမာရေးလက်လှမ်းမီခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် ကျန်းမာရေးကို ဂရုစိုက် အလေးထားကြသော ကျေးရွာဖြစ်ပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာသည် မြို့နှင့်နီး၍ စာမတတ်သူနည်းပါးပါသည်။ ဘုန်းကြီးကျောင်း ပညာရေး အနေဖြင့် ကျား(၈)၊ မ(၁၅) စုစုပေါင်း(၂၃)ဦးရှိပြီး(၆.၅၂%)ရှိပါသည်။ မူလတန်းပညာရေး ပြီးဆုံးသူ ကျား(၂၈)၊ မ(၃၈) စုစုပေါင်း(၆၆)ဦး ရှိပြီး အလယ်တန်းပညာရေးပြီးဆုံးသူဦးရေ ကျား(၃၀)၊ မ(၁၈)ဦးရှိပါသည်။ အထက်တန်းပညာရေးပြီးဆုံးသူ ကျား(၈)၊ မ(၆)ဦးရှိပြီး

တက္ကသိုလ်ပညာရေးပြီးဆုံးသူ ကျား(၆)၊ မ(၃)ဦးသာရှိပါသည်။ ပညာရေးနှင့်စာတတ်မြောက်မှုဇယား၌ လူဦးရေ(၃၅၃)ဦးရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများသည် စီမံခန့်ခွဲမှုများတွင်တက်ကြွစွာပါဝင် ခေါင်းဆောင်မှုအားနည်းပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်လည်း တက်ကြွစွာပါဝင်မှုအားနည်းပါသည်။ ယခင်ကအမျိုးသားများသာဦးဆောင် ဆောင်ရွက်ခြင်းကြောင့် အမျိုးသမီးများ ပါဝင်မှုအားနည်းခြင်း ဖြစ်ပါသည်။ လွန်ခဲ့သောနှစ်များအတွင်း အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်များ၊ တိုင်ကြားမှုများမရှိပါ။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများတွင် လူထု၏ အသိအမြင်ရှိမှုအားနည်းနေကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် ပညာရေးနှင့်ပတ်သက်၍ ပညာတတ်မြောက်မှုမှာ အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း(၄)ဖွဲ့ရှိပါသည်။ စီးပွားရေးအခြေခံအုပ်စု၊ လယ်သမားအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများမှာ အမျိုးသမီး(၂၀)၊ အမျိုးသား(၂၀)ယောက်ဖြင့် ဖွဲ့စည်းထားသော လူငယ်အဖွဲ့ရှိပါသည်။ ဓမ္မစကူးလ်အဖွဲ့ရှိပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် သမဝါယမနှင့် ပက်မြန်မာအဖွဲ့၊ ငွေထုတ်ငွေချေး အသေးစားအဖွဲ့အစည်းများရှိပါသည်။ ကျေးရွာတွင် တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုဆိုင်ရာအဖွဲ့အစည်း၊ လူငယ်အဖွဲ့၊ ဓမ္မစကူးလ်အဖွဲ့များရှိပါသည်။ လူငယ်အဖွဲ့သည် ကျေးရွာတွင် သာရေး၊ နာရေး၊ ဘာသာရေးများကို ဝင်ရောက်ကူညီလုပ်ကိုင်မှု အသင့်အတင့်ရှိပါသည်။ ဓမ္မစကူးလ်အဖွဲ့များသည် ဘာသာရေးသင်တန်းဖြစ်ပါသည်။ ၎င်းအဖွဲ့သည် အသင့်အတင့်ကောင်းမွန်ပါသည်။ ပက်မြန်မာအဖွဲ့နှင့် သမအဖွဲ့တို့သည် ငွေထုတ်ငွေချေးအဖွဲ့များဖြစ်ပါသည်။

## (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စုစုပေါင်း စပါးစိုက်ကေမှာ (၁၃၃)ကေရှိပါသည်။ ကဆုန်လမှ တန်ဆောင်မုန်းလအထိ အနည်းဆုံး(၅၀)၊ အများဆုံး(၈၀)၊ ပျမ်းမျှအားဖြင့် (၆၅)ထွက်ရှိပါသည်။ သွင်းအားစုမှာ မြင့်မားပြီး အမြတ်ရရှိနိုင်မှုမှာ အနိမ့်စားဖြစ်ပါသည်။ နှမ်းအထွက်နှုန်းမှာ ဇွန်လမှ စက်တင်ဘာလအထိ ၁ကေလျှင် အနည်းဆုံး(၅)တင်း၊ အများဆုံး(၁၂)တင်း၊ ပျမ်းမျှ(၈)တင်းထွက်ရှိပါသည်။ သွင်းအားစုမှာ အလတ်စားဖြစ်ပါသည်။ရရှိနိုင်သည့် အမြတ်မှာ နည်းပါးပါသည်။ ကုလားပဲကို အောက်တိုဘာလမှ ဇန်နဝါရီလအထိ ၁ကေလျှင် အနည်းဆုံး(၄)တင်း၊ အများဆုံး တင်း(၂၀)နှင့် ပျမ်းမျှ (၁၅)တင်းထွက်ရှိပြီး သွင်းအားစုမှာ အလတ်စားဖြစ်၍ ရရှိနိုင်သည့် အမြတ်မှာ အသင့်အတင့်ရှိပါသည်။ပဲတီစိမ်းကိုလည်း အောက်တိုဘာလမှ ဇန်နဝါရီလအထိ ၁ကေလျှင် အနည်းဆုံး(၅)တင်း၊ အများဆုံး တင်း(၁၀)နှင့် ပျမ်းမျှ (၈)တင်းထွက်ရှိပြီး သွင်းအားစုမှာမြင့်၍ ရရှိနိုင်သည့် အမြတ်မှာ နည်းပါးပါသည်။

ကျေးရွာတွင် စားကျက်မြေမှာ ရိတ်သိမ်းပြီး လယ်ယာမြေဖြစ်၍ ရေရရှိမှုမှာ အဝီစီရေတွင်းမှ ရရှိပါသည်။ မျိုးတိရစ္ဆာန်ရှိသည်ဆိုသော်လည်း မျိုးကောင်း၊ မျိုးသန့်လက်လှမ်းမီနိုင်မှုမရှိပါ။ သွင်းအားစု လက်လှမ်းမီနိုင်မှုအသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် မွေးမြူရေးအသင့်အတင့်ရှိပါသည်။ ဈေးနှုန်းမြင့်မားမှုကြောင့် စီးပွားဖြစ်လိုင်စင် လက်လှမ်းမီမှုမရှိပါ။

## (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ဆ-မ မှ(၁)ဦး၊ ရေအားလျှပ်စစ်(၁)ဦး၊ ပညာရေး(၂)ဦး၊ ကျန်းမာရေး(၁)ဦး၊ ထိုင်းသို့သွားရောက်အလုပ်လုပ်ကိုင်သူ(၂)ဦး၊ ကုမ္ပဏီ(၃)၊ ရေနံနှင့်သတ္တုတူးဖော်ရေးတွင်(၂)ဦး၊ ပန်းရံ/လက်သမား/ပန်းဘဲ(၁၆)ဦး၊ အလှပြင်(၁)ဦး၊ အရောင်းဝန်ထမ်း(၆)ဦးရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ကျပန်းလုပ်ကိုင်စားသောက်သူ (၅၅)ဦးရှိပါသည်။ ကျေးရွာတွင် ကျွမ်းကျင်ပညာရှင်များနှင့် ထိရောက်စွာ သင်ကြားထားသူများနည်းပါးပါသည်။

## (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် မြေဆီ၊ မြေနှစ်အခြေအနေမှာ အသင့်အတင့်ဖြစ်ပါသည်။ ဓါတုပိုးသတ်ဆေးများ အလွန်အကဲအသုံးပြုခြင်းကြောင့် ဖြစ်ပါသည်။ အပင်မျိုးစိတ်များသည် လူနေ

ထူထပ်လာခြင်းကြောင့် မျိုးစိတ်ပျက်သုဉ်းလာခြင်းဖြစ်ပါသည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ပိုးသတ်ဆေးများစနစ်တကျ မသုံးစွဲခြင်း၊ လူအများမှ ဓါတုပိုးသတ်ဆေးများအား စည်းကမ်းမဲ့ စွန့်ပစ်ခြင်း၊ ငါးဖမ်းရာတွင် မဆင်မခြင်ဖမ်းဆီးကြခြင်းတို့ကြောင့် ထိရောက်နိုင်မှုအန္တရာယ်အများဆုံးဖြစ်ပါသည်။ ပလပ်စတစ်အိတ်များ၊ ပိုးသတ်ဆေးဗူးခွံများ စနစ်တကျ မစွန့်ပစ်ခြင်း တို့ကြောင့် အန္တရာယ်ရှိနိုင်မှုနှုန်း မြင့်မားပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ပျိုးစရိတ်အတွက် အစိုးရဘဏ်မှ ပြန်လည်ပေးဆပ်ရမည့်ကာလ (၆)လဖြစ်ပြီး အတိုးနှုန်းမှာ(၆၈)ပြားနှုန်းဖြစ်ပါသည်။ ချေးငွေရရှိမှု အခက်အခဲမှာ ပုံစံ(၇)ရရှိရန် လိုအပ်ပါသည်။ ပက်နှင့် သမ အဖွဲ့များသည် အဖွဲ့လိုက်ငွေစုငွေချေးအဖွဲ့များဖြစ်ပြီး သမ အဖွဲ့သည် ချေးငွေကာလ(၁၂)လဖြစ်ပြီး အတိုးနှုန်းမှာ (၁.၅)ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေး စရိတ်အတွက် ပုံစံ(၇)ရရှိရန်လိုအပ်ပါသည်။ ပက်မြန်မာအဖွဲ့မှာ ချေးငွေကာလ(၆)လဖြစ်ပြီး အတိုးနှုန်း(၆၀)ပြားဖြစ်ပါသည်။ ချေးငွေရရှိနိုင်ရန် ပုံစံ(၇)ရှိရန်လိုအပ်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်းရှိ မူလတန်းစာသင်ဆောင်အရွယ်အစားမှာ (၄၀'×၃၀'×၁၂') ဖြစ်ပြီး စာရေးခုံ (၄)ခုံခန့် လိုအပ်လျှက်ရှိကာ (၁၂၀'×၃၀'×၁၂')မှာ အလယ်တန်းဆောင်ဖြစ်၍ စာရေး ခုံ(၃)ခုံ လိုအပ်လျှက်ရှိပါသည်။ ဆရာ၊ ဆရာမများအတွက် နှစ်ခန်းတွဲအိမ်သာ တစ်လုံး၊ ကျောင်းသား/ကျောင်းသူများအတွက်လည်း နှစ်ခန်းတွဲအိမ်သာတစ်လုံး လိုအပ်လျှက်ရှိကြောင်းတွေ့ရှိရပါသည်။ဆရာ/ဆရာမ(၉)ဦးရှိပြီး ဆရာ/ဆရာမ မလုံလောက်ခြင်း၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများမလုံလောက်ခြင်း၊ ငွေးကြေးကောက်ခံမှု မရှိခြင်း၊ ဆရာ/ဆရာမများမှ အားကစားပစ္စည်းများ ဝယ်ယူပေးခြင်းကို လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းရှိပါသည်။ ဆုံ့ဆို့နာ၊ ကြက်ညှာချောင်းဆိုး၊ မေးခိုင်ရောဂါနှင့် အသည်းရောဂါ ကာကွယ်ဆေးများ ထိုးကြပါသည်။ ပိုလီယိုကာကွယ်ဆေးကို ပုံမှန်ထိုးနှံကြပါသည်။ ဝက်သက်ကာကွယ်ဆေးနှင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုများအနေဖြင့် လစဉ်ကာကွယ်ဆေးထိုးခြင်းများရှိပါသည်။ စုပေါင်းကာကွယ်ဆေးများလည်း ထိုးနှံပေးပါသည်။ သက်ဆိုင်ရာမှ အာဟာရပညာပေး အစီအစဉ်များကို ပြုလုပ်ပေးခြင်းများတွေ့ရှိရပါသည်။ ကျေးရွာနှင့် မင်းဘူးမြို့နယ်ဆေးရုံမှာ (၃)မိုင်ခန့်ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်၍ သွားလာရလွယ်ကူပါသည်။

ကျေးရွာတွင် အဝီစိတွင်း(၂)တွင်း၊ စက်တပ် အဝီစိတွင်း(၂၄)တွင်း၊ တုံကင်တွင်း (၃၁) တွင်းရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းရေတွင်းများသည် ကောင်းမွန်၍ နွေ၊ မိုး၊ ဆောင်း ရာသီ အလိုက် သုံးစွဲ၍ ရကြောင်းတွေ့ရှိရပါသည်။

ကျေးရွာတွင် အိမ်ထောင်စု(၁၀၀)စုဖြစ်၍ ယင်လုံအိမ်သာ(၇၀)လုံး ရှိပြီး ကျန် အိမ်ထောင်စု(၃၀)မှ တစ်ဝိုင်းတည်းနေ၍ (၂)အိမ်၊ (၃)အိမ်ပေါင်း၍ တည်ဆောက်ထားခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင် သဘာဝအပန်းဖြေရန် ကန်ဘောင်နှင့် ခုံတန်းလျားများရှိပါသည်။ လူမှု ရေးလုပ်ငန်းများတွင် လူငယ်များပါဝင်မှုရှိပါသည်။ ရိုးရာမပျက် ခြင်းခတ်ပွဲများ ရှိပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းများရှိပါသည်။ စာကြည့်တိုက်၊ အင်တာနက် လက်လှမ်းမီ နိုင်မှုများ လိုအပ်နေပါသည်။

**(ဇ) အခြေခံ အဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင်းလမ်းမှာ မြေနီလမ်းဖြစ်၍ အလျားတစ်ဖာလုံခန့် ရှိပါသည်။ ချဉ်းကပ် လမ်းမှာ မင်းဘူး-အမ်း ကတ္တရာလမ်းမဖြစ်ပါသည်။ ရွာချင်းဆက်လမ်းမှာ မြေနီကျောက်ခင်း လမ်းဖြစ်၍ အလျား(၁)မိုင်ခန့်ရှိကာ နွေ၊ မိုး၊ ဆောင်း သွားလာရ လွယ်ကူ ပါသည်။

ကျေးရွာ၏ အရှေ့ေမြာက်ဖက်တွင် ဘုန်းကြီးကျောင်းရှိပြီး အရှေ့ဘက်ရေကန်ကြီးမှ ရေလွှဲပြွန်ရှိပါသည်။ ရေလွှဲပြွန်မှာ အသင့်အတင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

ကျေးရွာသည် မင်းဘူးမြို့နယ်နှင့် (၃)မိုင်(၆)ဖာလုံခန့်ကွာဝေး၍ မင်းဘူး-မကွေး ရေဝတီတံတားရှိခြင်းကြောင့် ရေကြောင်းခရီးသွားလာမှု မရှိပါ။ မင်းဘူး-အမ်းကားလမ်း ဘေးတွင်တည်ရှိသောရွာ ဖြစ်သောကြောင့် ကုန်းလမ်းခရီးသာ အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် သွားလာရလွယ်ကူစေရန် သယ်ယူပို့ဆောင်ရေးယာဉ်များမှာ စက်ဘီး(၃၃)စီး၊ ဆိုင်ကယ်(၆၈)စီး၊ ထော်လာဂျီ(၁)စီး၊ မြင်းလှည်း(၁)စီး၊ နွားလှည်း(၁၇)စီးဖြင့် သွားလာ သယ်ယူပို့ဆောင်ကြပါသည်။

ကျေးရွာတွင် အိမ်ထောင်စု(၁၀၀)ဖြစ်၍ မဟာဓါတ်အားလိုင်းသုံးသော အိမ်မှာ (၂၈) အိမ်နှင့် ဆိုလာအသုံးပြုသောအိမ်မှာ(၈)အိမ် ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ ဘတ္တရီနှင့် ဖယောင်းတိုင်မီးများသာ အသုံးပြုနိုင်ကြပါသည်။ အိမ်တိုင်း မဟာဓါတ်အားလိုင်းသုံးနိုင်ရန် ငွေကြေးအခက်အခဲရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ဆက်သွယ်ရေး

အတွက် ဖုန်း(၁၁၂)လုံး၊ ဗဟုသုတအတွက် ရေဒီယို(၁၄)လုံး၊ TV(၂၉)လုံးနှင့် ဂြိုဟ်တုစလောင်း (၂)လုံး ရှိကြောင်း တွေ့ရှိရပါသည်။

### (ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် မီးသတ်၊ ကြက်ခြေနီအဖွဲ့များ ဖွဲ့စည်းထားခြင်းရှိပါသည်။ မင်းဘူးမြို့နှင့်နီးသောကြောင့် ရဲစခန်းနှင့် လက်လှမ်းမီကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကြမ်းဖက်မှုများ မရှိရခြင်းမှာ အုပ်ချုပ်ရေး လက်လှမ်းမီခြင်းကြောင့် ဖြစ်ကြောင်းတွေ့ရှိရပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်ပံ့ဖြစ်စေသော အခြေနေကောင်းများ

ကျေးရွာတွင် ကျပန်းလုပ်ကိုင်စားသောက်သူများမှာ အိမ်ခြေ(၁၀၀)တွင် (၅၅)ဦးရှိပါသည်။ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ စက်ပြင်၊ စက်ချုပ်လုပ်ကိုင်စားသောက်သူ အသက်မွေးဝမ်းကြောင်းရသူများ ရှိပါသည်။ သို့သော် ကျွမ်းကျင်ပညာရှင်များနှင့် ထိရောက်စွာသင်ကြားထားသူနည်းပါးပါသည်။ သဘာဝမြေဆွေးကို နွားချေး၊ မြေဆွေးများမှ ရရှိပါသည်။ အော်ဂဲနစ် ဓါတုပိုးသတ်ဆေးများကို မင်းဘူးမြို့မှ ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် အိုင်မဆည်မှ ရရှိသောရေဖြင့် လယ်ယာစိုက်ပျိုးရေးကို ပြုလုပ်ရပါသည်။ စိုက်ပျိုးကေ(၁၃၃)ကေရှိပြီး မြောင်း၏ကြံ့ခိုင်မှု အားနည်း၍ မိုးနည်းသောနှစ်များတွင် သောက်သုံးရေမလုံလောက်ပါ။ ဖျက်ပိုးနှင့် ရောဂါများကို စနစ်တကျ သုံးစွဲနိုင်ခြင်းမရှိပါ။ ထို့ကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီ လိုအပ်နေပါသည်။ ကျေးရွာတွင် ချေးငွေရရှိနိုင်မှု နည်းပါးသောကြောင့် မွေးမြူရေးနည်းပါးပါသည်။ ကူးစက်ရောဂါဖြစ်ပွားမှုနည်းပါးခြင်းမှာ ကာကွယ်ဆေးများ ထိုးခြင်းကြောင့် ဖြစ်ပါသည်။ စီးပွားဖြစ် မွေးမြူရေးအတွက် နည်းပညာနှင့် ငွေကြေးလုံလောက်မှုအားနည်းသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာတွင် ကား၊ စက်ပြင်ဆိုင်များ မရှိပါ။ အကြောင်းမှာ နည်းပညာ ချိတ်ဆက်မှု လက်လှမ်းမမီခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထား ပါသည်။

က.၁) ကျွန်ုပ်တို့ ကျေးရွာလူထုသည် လူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေး အသိပညာ တိုးတက်ရေးတို့ကို ရရှိစေမည် ဖြစ်ပါသည်။

က.၂) စိုက်ပျိုးရေရရှိနိုင်မှုမှတဆင့် ကျေးရွာလူထု စိုက်ပျိုးရေ လုံလောက်မှု ရရှိနိုင်မည် ဖြစ်ပါသည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ အခြားရင်းနှီးငွေ ရရှိနိုင်သော နေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှ ြီးငွေရရှိပါက စိုက်ပျိုးရေး၊ မွေးမြူ ရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကိုမျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချ နိုင်မည်ဖြစ်ပါသည်။

(ခ.၂) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရန်ပြီး မူကြိုကျောင်းဆောင် တစ်ဆောင် ဆောက်လုပ်ခြင်းဖြင့် ကလေးငယ်များ၏ ပညာအရည်အချင်း တိုးမြင့် လာစေရန် ဆောင်ရွက်မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး အလယ်တန်းကျောင်းခွဲတွင် ဘာသာရပ် အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ၊ ဆရာမခန့်ထားနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်။

## (၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီ ဖြေရှင်းပေးရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်း အစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် နှမ်းနှင့် ကုလားပဲများကို စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ခုဖြစ်ပြီး ဖျက်ပိုးများကို ထိရောက်စွာနှိမ်နင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင်များကို မှီခိုအားထားမှုပိုများပါသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့ကျမှုကို ဖြစ်ပေါ်စေသည်။ နည်းပညာ အသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးသင့်ပါသည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။

အထူးသဖြင့် တောင်သူများအတွက် အထိုက်အလျောက် များပြားသော စိုက်ပျိုးစရိတ် ချေးငွေများ အချိန်မီရရှိရန်လိုအပ်ပါသည်။

**(ဃ) ကျေးလက်အသေးစား စက်မှု၊ လက်မှုလုပ်ငန်းများ ဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်းအချက်အလက်များလက်လှမ်းမီမှုတွင် အားနည်းပါသည်။ နိုင်ငံတော် အစိုးရ အနေဖြင့်လည်းစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင် အချို့နှင့် တိုးချဲ့ပညာရေးဝန်ထမ်းများပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက် ရန်လုံလောက်သော ရန်ပုံငွေလည်းရှိရမည်။

**၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသောပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို

ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွါးရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional classification) – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှပ်နှံမှု အမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုး သက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း၊ အသုံးစရိတ်စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်း ဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြား သိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍ အပိုင်းအခြားများကို သိရှိနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေး အစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

| အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်း ရှင်းလင်းဖော်ပြခြင်း | မှတ်ချက် |
|---|---|---|---|---|---|
| ***လူငယ်နှင့် ယဥ်ကျေးမှုကဏ္ဍ*** | | | | | |
| | လူငယ်များဇဟုသုတ တိုးပွားအောင်ဆောင်ရွက်ခြင်း | ၆၅ | ၂ | – စာကြည့်တိုက်ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| ***ကျန်းမာရေးကဏ္ဍ*** | | | | | |
| | ဆေးပေးခန်းရရှိအောင်ဆောင်ရွက်ခြင်း | ၅၇ | ၄ | –ဆေးခန်းရရှိရန် ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>–ကျန်းမာရေးဝန်ထမ်းရရှိအောင် တင်ပြခြင်း<br>–ကျန်းမာရေးအတွက် အထောက်အကူပေးသောအဖွဲ့များ၊ NGOများနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း | |
| ***ပညာရေးကဏ္ဍ*** | | | | | |

| | | | | | |
|---|---|---|---|---|---|
| | ကျောင်းခြံစည်းရိုးနှင့် မူကြိုကျောင်းဆောင် ဆောက်လုပ်ခြင်း | ၆၃ | ၃ | -ကျေးရွာလူထုထံမှ ရန်ပုံငွေကောက်ခံခြင်း<br>-ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကာနိုင်ရေး နှင့် မူကြိုကျောင်းဆောင်ရရှိအောင် ဆောင်ရွက်ခြင်း<br>-ပညာရေးကို အထောက်အပံ့ပေးသောအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ပညာရေး ဦးစီးဌာန |
| ***စိုက်ပျိုးရေးကဏ္ဍ*** | | | | | |
| | စိုက်ပျိုးရေလုံလောက်စွာရရှိစေနိုင်ရန် | ၇၇ | ၁ | -ရေမြောင်းလက်တံပြုပြင်ရန် သက်ဆိုင်ရာဌာနများမှ အကူအညီရယူခြင်း<br>-သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်းဆောင်ရွက်ပေးခြင်း | |

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားများ ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စီမံချက် | အဆင့် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။ စိုက်ပျိုးရေလုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း | ၁ | √ | √ | √ | √ | √ |
| ၂။ လူငယ်များ ဗဟုသုတတိုးပွားအောင် ဆောင်ရွက်ခြင်း | ၂ | √ | | √ | | |
| ၃။ ကျောင်းခြံစည်းရိုးနှင့် မူကြိုကျောင်း ဆောင် ဆောက်လုပ်ခြင်း | ၃ | √ | √ | √ | √ | √ |
| ၄။ ဆေးပေးခန်းရရှိအောင် ဆောင်ရွက်ခြင်း | ၄ | | | √ | √ | √ |

### ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာန ဆိုင်ရာအဖွဲ့များအစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း

ဖော်ပြထားခြင်းမရှိပါ။(ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ– လုပ်အား၊သဲ၊ကျောက်၊ပစ္စည်း ကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | စိုက်ပျိုးရေလုံလောက်စွာရရှိအောင်ဆောင်ရွက်ခြင်း | ၂၀၀ | ၂သိန်း | ၁၉၅ သိန်း | – | ၃သိန်း |
| ၂ | လူငယ်များဗဟုသုတတိုးပွားအောင်ဆောင်ရွက်ခြင်း | ၃၀၀ | ၅သိန်း | ၂၉၀ သိန်း | – | ၅သိန်း |
| ၃ | ကျောင်းခြံစည်းရိုးနှင့်မူကြိုကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ၄၀၀ | ၅သိန်း | ၃၉၀ သိန်း | – | ၅ သိန်း |
| ၄ | ဆေးပေးခန်းရရှိအောင်ဆောင်ရွက်ခြင်း | ၃၀၀ | ၂သိန်း | ၂၉၅သိန်း | – | ၃သိန်း |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင် အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါ သည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူ ပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည်ကျေးရွာ မူလတန်းကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ**

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သောအကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာ ကုန်ထုတ်လုပ်ငန်းအထောက်အကူပြု လမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါ မည်။

**(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်း ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းများပြုပြင်ခြင်းလုပ်ငန်းတွင် စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းများ ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖေါ်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ဆောင်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖေါ်ရာတွင် ကြုံတွေ့ရသောအခက်အခဲ အဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

## (ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့ အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်း ကိုလည်းရရှိပါ

မည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူ အညီများ ကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု စီမံကိန်း ဇယားများ

### (၁) လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း ၏%** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၄ | ၁ | ၅ | ၁.၂% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၁၃ | ၂၁ | ၃၄ | ၈.၁၉% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၁၈ | ၃၄ | ၈.၁၉% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၂၅ | ၂၁ | ၄၆ | ၁၁.၀၈% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၅ | ၁၄၁ | ၂၇၆ | ၆၆.၅၁% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၁၁ | ၂၀ | ၄.၈၂% |
| **စုစုပေါင်း လူဦးရေ-၄၁၅** | | **၂၀၁** | **၂၀၄** | **၄၁၅** | **၁၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု -၁၀၀** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး** | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ မင်းဘူးမြို့နယ်၊ ကန်ရေကျေးရွာအုပ်စု၊ ကန်ရေ-၂ကျေးရွာ ဖြစ်ပါသည်။ အိမ်ထောင်စု(၁၀၀)စုရှိပါသည်။ လူဦးရေစုစုပေါင်း (၄၁၅)ယောက် ရှိပါသည်။ (၁)နှစ်အောက် နို့စို့အရွယ် ကလေး(၅)ဦးရှိပါသည်။ (၁)နှစ်မှ(၅)နှစ်အောက် ကလေးငယ် (၃၄) ဦး ရှိပါသည်။ (၆)နှစ်မှ (၉)နှစ်အထိ မူလတန်းအရွယ်ကျောင်းသား (၃၄)ဦးရှိပါသည်။ (၉)နှစ်မှ (၁၅)နှစ်အထိ အလယ်တန်းကျောင်းသားအရွယ်(၄၆)ဦးရှိပါသည်။ (၁၅)နှစ်မှ (၆၀)နှစ်အထိ

ကျား(၁၃၅)ဦး၊ မ(၁၄၁)ဦး၊ စုစုပေါင်း (၂၇၆)ဦးရှိပါသည်။ ၆၀နှစ်အထက် သက်ကြီးရွယ်အို ကျာ(၁၁)ဦး၊ မ(၉)ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၄)ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၈ | | ၃၈ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၈ | | ၅၀ | ၈ | အိမ်ထောင်စု-၃၈စု တွဲဖက်-၈ လုပ်အားပေါင်း-၅၀ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | ၁ | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၆ | | ၁၉ | ၃ | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | ၂ | | စက်ချုပ်-၁ဦး<br>အလှပြင်-၁ဦး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | | ၆ | ၅ | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အားဦး | | |
| **၁၃** | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| **၁၄** | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| **၁၅** | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | ၃ | ဆည်မြောင်း-၁<br>ရေအားလျှပ်စစ်-၃ |
| **၁၆** | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | | ၁ | ၁ | ဆရာမ-၂ဦး |
| **၁၇** | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၁ | သူနာပြု-၁ဦး |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၂ | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ – UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၃ | |
| | **စုစုပေါင်း** | ၆၄ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကန်ရေ-၂ကျေးရွာသည် အိမ်ထောင်စု(၁၀၀)စု၊ လူဦးရေ(၄၁၅)၊

ကျား(၂၀၁)၊ မ(၂၁၄)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ စိုက်ပျိုးသီးနှံထုတ်လုပ်ရေးမှာ ကိုယ်ပိုင် (၃၈)ဦး၊ မိသားစုလုပ်အား(၃၈)ယောက်၊ စိုက်ပျိုးရေးကျပန်းအလုပ်သမား(၃၈)အိမ်၊ မိသားစုဝင်လုပ်အား (၅၀)ဦး၊ တွဲဖက်လုပ်ကိုင်သူဦးရေ(၈)ယောက် ရှိပါသည်။ တိရစ္ဆာန်မွေးမြူရေးနှင့် ပတ်သက်၍ လက်လုပ်မမီပါ။ သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်းမှာ အိမ်ထောင်စု(၁)စု၊ မိသားစုဝင်လုပ်အား(၁)ယောက်နှင့် တွဲဖက်လုပ်ကိုင်သူ(၁)ယောက်ရှိပါသည်။ ရာသီအလိုက် ကျပန်းအလုပ်သမား(၁၆)အိမ်ရှိပါသည်။ မိသားစုဝင်လုပ်အား(၁၉)ယောက်၊ တွဲဖက်လုပ်ကိုင်သူ(၃)ယောက်ရှိပါသည်။ စက်ချုပ်သူ (၁)ဦးနှင့် အလှပြင်သူ(၁)ဦး ရှိပါသည်။ အိမ်တွင်းအငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ တွဲဖက်လုပ်ကိုင်သူ(၂)ဦးရှိပါသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်သူ ကျပန်းအလုပ်သမား(၃)ဦးရှိပါသည်။ အိမ်ထောင်စု (၁၀၀) တွင် (၉၂)အိမ်ထောင်သာ အလုပ်လုပ်ကိုင်နိုင်ကြ၍ ကျန်(၈)အိမ်မှာ အလုပ်လုပ်ကိုင်နိုင်စွမ်း မရှိကြပါ။

လူဦးရေ(၄၁၅)ယောက်တွင် အလုပ်လုပ်နိုင်သူ(၁၀၇)ဦး၊ တွဲဖက်အလုပ်လုပ် ကိုင်နိုင်သူ(၂၉)ဦး၊ စုစုပေါင်း (၁၄၆)ဦးသာရှိပါသည်။ ကျန် (၂၆၉)ဦးမှာ မှီခိုနေထိုင်သူများ ဖြစ်ကြပါသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ကောက်စိုက်ချိန်/ ရိတ်သိမ်းချိန် |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း – ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၀၀၀ | ပန်းရံ/လက်သမား |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ် သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ဈေးရောင်းဝန်ထမ်း |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | | ၃၀၀၀ | စက်ချုပ်/ ဈေးရောင်း / အင်ဂျင်နီယာ |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကန်ရေအမှတ်(၂)ကျေးရွာတွင် လယ်ယာအငှားနေ့စား အမျိုးသား အများဆုံး(၅၀၀၀)ကျပ်၊ အမျိုးသမီး အများဆုံး(၄၀၀၀) ကျပ်နှင့် အမျိုးသား အနည်းဆုံး(၄၀၀၀)ကျပ်၊ အမျိုးသမီး အနည်းဆုံး(၂၀၀၀)ကျပ်ရှိကြောင်း တွေ့ရှိရပါသည်။ အင်ဂျင်နီယာ အမျိုးသား အများဆုံး(၁၀၀၀၀)ကျပ်၊စက်ချုပ်သူအမျိုးသမီး အများဆုံး(၅၀၀၀)ကျပ်၊ အနည်းဆုံး (၃၀၀၀)ကျပ် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၁၃၃ | သင့် | သင့် | ၁၃၃ |
| ယာမြေ /တောင်ယာ | ၁၅၆.၅ | လတ် | မရ | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| အိမ်ခြံဝင်း စိုက်ခင်း | - | - | - | - |
| နှစ်ရှည်သီးနှံစိုက်ခင်း | ၀.၄ | သင့် | မရ | အဝီစိတွင်း |
| ရွှေ့ပြောင်းတောင်ယာမြေ | - | - | - | - |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| ကိုင်း/ကျွန်းမြေ | – | – | – | – |
| စားကျက်မြေ | – | – | – | – |
| ပလပ်မြေ | – | – | – | – |
| အခြား | – | – | – | – |
| **စုစုပေါင်း** | **၂၈၉.၉** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**မှတ်ချက်**။ ။ရေရှိသည့် နေရာအမျိုးအစား – ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်**။ ။ ကျွန်တော်တို့ ကန်ရေအမှတ်(၂)ကျေးရွာသည် လယ်ယာစိုက်ပျိုးခြင်းဖြင့် အဓိကအသက်မွေးဝမ်းကြောင်းပြုပါသည်။ ကျေးရွာတွင်ရှိသော စိုက်ပျိုးဧကများမှာ လယ်မြေ(၁၃၃)ဧက၊ ယာမြေ(၁၅၆.၅)ဧက၊ နှစ်ရှည်သီးနှံစိုက်ခင်း (၀.၄) ဧက၊ စုစုပေါင်း (၂၈၉.၉)ဧကရှိပါသည်။ မြေအမျိုးအစားအားဖြင့် အလတ်တန်းဖြစ်ပြီး ရေရှိမှု မှာ အိုင်းမဆည်မှရေကိုအဓိကထားသုံးစွဲပါသည်။ ရာသီဥတုမမှန်သောနှစ်များတွင် ရေရရှိမှု ုနည်းပါး၍ လယ်ယာမြေများတွင် အဝိစီတွင်းများမှရေကူရပါသည်။

## (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | နည်း | ခက် |
| အခြား ရင်းမြစ်များ | နည်း | ခက် |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | နည်း | ခက် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | နည်း | ခက် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကန်ရေအမှတ်(၂)ကျေးရွာတွင် ကာဗွန်၊ ရေနံ၊ ဓါတ်သတ္တုများမထွက်ပါ။ အခြားအရင်းအမြစ်များမှာလည်း နည်းပါးပါသည်။ သဘာဝတိရစ္ဆာန်မျိုးစေ့မှာလည်း အချို့သောသူများ၏ စည်းကမ်းမဲ့မှုများကြောင့် ရရှိနိုင်မှုနည်းပါးပြီး လက်လှမ်းမမီပါ။ သဘာဝအပင်မျိုးစိတ်များမှာ မျက်ကျိန်၊ ပန်းတော်၊ နံ့စား၊ ကောက်ရိုး မြက်တို့ ဖြစ်ပါသည်။ ဆေးဖက်ဝင်အပင်များမှာ မကွေးတိုင်း အပူပိုင်း ဒေသဖြစ်၍ ဆူးပါသော ဆေးဖက်ဝင်အပင်များရှိပါသည်။ လယ်ယာမြေ ပတ်ဝန်းကျင်၌ နည်းပါးစွာ ရှာဖွေရရှိပါသည်။ အိမ်သုံးဆေးအဖြစ် ရှားစောင်းလက်ပတ်၊ ကိုယ်ရန်ကြီးဂမုန်း၊ ဂမုန်းခတ္တာ၊ သရင်းကြီး၊ လင်းနေ အစရှိသော ဆေးပင်တို့ကိုမိမိတို့အသုံးပြုရန်သာ တစ်ပင်စ နှစ်ပင်စ စိုက်ပျိုးထားခြင်းရှိကြသောကြောင့် အသင့်အတင့်သာဖြစ်၍ ထိရောက်တွင်ကျယ် စွာ လက်လှမ်းမီမှုအားနည်းပါသည်။

## (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | ဆင်းရဲသော အိမ်ထောင်စု | အလွန်ဆင်းရဲ သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၂၅ကေ | ၁၂ကေ | ၂ကေ | မြေမဲ့ |
| အိမ်အခြေအနေ | ပျဉ်ထောင်/ခင်း/သွပ်မိုး | ကြမ်းခင်း/ထရံကာ/သွပ်မိုး | သုံးပင်အိမ်/ဝါးကပ်ကာ/သက်ကယ်မိုး | မြေစိုက်တဲအိမ် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | လက်တွန်းထွန်စက်/ရေစုပ်စက် | သုံးဘီး | တံစဉ်/ပေါက်တူး/ပေါက်ပြား | |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | TV/ဆိုင်ကယ်/ဖုန်း | TV/EVD/ သုံးဘီး | ရေဒီယို/ဖုန်း | |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး | တောင်သူလတ် | နေ့စား/ကူလီ | ကျပန်း |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု – | ၁၁ | ၂၆ | ၃၃ | ၃၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု ဓနအဆင့်(၁)မှာ (၁၁)အိမ်ရှိပြီး လယ်ယာပိုင်ဆိုင်မှု(၂၅)ကေ၊ နွားလှည်း(၁)စီး၊ လက်တွန်းထွန်စက်(၁)လုံးစီနှင့် ရေစုပ်စက်(၁)လုံးစီရှိကြပါသည်။ ဓနအဆင့်(၂)မှာ (၂၆)ဦးရှိပြီး လယ်ယာ(၁၂)ကေနှင့် နွားလှည်း(၁)စီးစီ ရှိကြပါသည်။ ဓနအဆင့်(၃)မှာ ဦးရေ(၃၃)ဦးထိရှိပြီး လယ်ယာမြေကေ(၂)ကေစီ ပိုင်ဆိုင်ကြပါသည်။ နွားလှည်းမရှိပါ။ စိုက်ပျိုးရေးအတွက် လယ်ထွန်စက်များကို အခကြေးငွေဖြင့် ငှားရမ်းလုပ်ကိုင်ကြရပါသည်။ဓနအဆင့်(၄)မှာ အိမ်ထောင်စု(၃၀)စု ရှိပြီး ၎င်းတို့၏ပိုင်ဆိုင်မှု

များမှာ ဖုန်း(၁)လုံး၊ ရေဒီယို(၁)လုံးနှင့် ပေါက်တူး၊ ပေါက်ပြားများ ပိုင်ဆိုင်ကြပါသည်။ နေ့စားအငှားလုပ်ကိုင်ကြပြီး နေ့စဉ်မပြတ် အလုပ်အကိုင်မရရှိခြင်းကြောင့် ၎င်း(၃၀)ဦးမှာ လုံလောက်မှုမရှိကြောင်း တွေ့ရှိရပါသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေ အဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၈ | ၃၈% | ချေးယူ |
| ၃ လနှင့် ၆ လအောက် | ၁၃ | ၆၁.၉% | ချေးယူ |
| ၆ လ မှ ၁၂ လ အထိ | ၂၁ | ၂၁% | ချေးယူ |

ရင်းမြစ်..ဥစ္စာခနေအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဝမ်းစာဖူလုံမှု အဆင့်(၃)နှင့်(၄)တို့မှာ အိမ်ထောင်စု(၅)စု၊ (၃)လအောက် ဝမ်းစာဖူလုံသည့် အိမ်ထောင်စု(၈)စု၊ (၃)လမှ(၆)လအထိ ဝမ်းစာဖူလုံသည့် အိမ်ထောင်စုမှာ(၁၃)စုဖြစ်၍ စုစုပေါင်း အိမ်ထောင်စု(၂၁)စုမှာ ကျန်လများမှာ ချေးငွေ ဖြင့် နေထိုင်စားသောက်ရပါသည်။ ချေးငွေမှာ ပက်မြန်မာမှ ချေးယူရရှိပါသည်။ အတိုးစနစ် (သို့) နေ့စားကူလီခ တနေ့လျှင်(၃၀၀၀)ကျပ်ရပါက ကြိုငွေမှာ(၁၅၀၀)ကျပ်သာရ၍ ပြန်လည်ပေးဆပ်ချိန်တွင် အလုပ်အမြဲမရှိခြင်း အသက်အရွယ်ကြောင့် မလုပ်နိုင်ခြင်းတို့ကြောင့် ကျန်အချိန်များတွင် ဝမ်းစာဖူလုံမှုမရှိရကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆ဝ နှစ်နှင့်အထက် | ၂ | ၂ | ၄ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၂ | - | ၂ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်ခံရမှုမရှိသော အသက်(၆ဝ)နှစ်အထက် သက်ကြီးရွယ်အို ကျား(၂)ဦး၊ မ(၁)ဦးရှိပါသည်။ ကျေးရွာတွင် မသန်စွမ်းသောပုဂ္ဂိုလ်များမရှိပါ။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁)စု ရှိပါသည်။ ဆင်းရဲ၍ မိသားစုများသော မုဆိုးဖို(၁)ဦး၊ မုဆိုးမ(၁)ဦး ရှိပါသည်။ အခြားဒေသများသို့ ကြာမြင့်စွာ နေထိုင်သွားရောက်လုပ်ကိုင်နေသည့် အိမ်ထောင်စု (၁)စု ရှိပါသည်။ ထို့ကြောင့် ကူညီစောင့်ရှောက်ပေးမည့် လူမှုအဖွဲ့အစည်း လိုအပ်ပါသည်။

## (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | စပါးမသိုလှောင်နိုင်မှု |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | ဆည်ရေအသင့်အတင့်ရရှိခြင်းကြောင့် |
| ၃ | ရေကြီးခြင်း | နိမ့် | ကုန်းမြေဖြစ်ခြင်းကြောင့် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | သဘာဝသစ်တောများရှိခြင်းကြောင့် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | အပူပိုင်းဒေသဖြစ်ခြင်း |
| ၆ | မုန်တိုင်း | နိမ့် | ရာသီဥတုမျှတခြင်း |
| ၇ | လျှေင် | လတ် | အသင့်အတင့်လှုပ်ခြင်း |
| ၈ | မီးဘေး | နိမ့် | ဝိုင်းဝန်းစောင့်ရှောက်မှုရှိခြင်း |
| ၉ | ဆားငန်ရေဝင်မြေ | – | – |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် | မြစ်၊ ချောင်းများနှင့်ဝေးကွာခြင်း |
| ၁၁ | သစ်တောပြုန်းတီးခြင်း | နိမ့် | သစ်ခုတ်သူနည်းပါးခြင်း |
| ၁၂ | ငှက်ဖျားရောဂါ | နိမ့် | ကျန်းမာရေးလက်လှမ်းမီခြင်း |
| ၁၃ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးဌာနမှ ပညာပေး၊ ဆေးပေးခြင်း |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | ကျန်းမာရေးအသိရှိခြင်း |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | – | – |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | လတ် | ခွာနာ၊ လျှာနာ နည်းပါးစွာ ကျရောက်ခြင်း |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | ပြည်ပသွားလာမှုနည်းပါးခြင်း |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | နိမ့် | မြို့ပြများနှင့် နီးစပ်ခြင်း |
| ၁၉ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကန်ရေအမှတ်(၂)ကျေးရွာတွင် လယ်ယာမြေပေါင်း ၂၈၉.၉%ရှိပြီး အိမ်ထောင်စု၁ဂဂရှိပါသည်။ သို့သော် ကုန်ကျစရိတ်များကြောင့် သိုလှောင်မှုမှာ အသင့်အတင့်ဖြစ်၍ အလတ်တန်းသာရှိပါသည်။ ရေ၊ မြေတို့မှာ အလတ်စားဖြစ်ပါသည်။ ရေကြီးခြင်းမရှိပါ။ တစ်ခါတရံ မိုးခေါင်ခြင်းများဖြစ်တတ်ပါသည်။ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်များ နည်းပါးပါသည်။ အပူပိုင်းဒေသဖြစ်၍ မီးဘေးအန္တရာယ် ဖြစ်နိုင်ပါသည်။ ဆားငန်ရေဝင်ရောက်ခြင်းမရှိပါ။ မြေပြို၊ မြေဆီလွှာပျက်စီးမှု နည်းပါးပါသည်။ စည်းကမ်းမဲ့ခုတ်ထွင်ခြင်းကြောင့် သစ်တောများပြုန်းတီးနိုင်ပါသည်။ ငှက်ဖျားရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ၊ တီဘီရောဂါများမှာ ကျန်းမာရေးဌာနမှ ပညာပေးဟောပြောမှုများ၊ တိကျစွာကုသပေးမှုများကြောင့် နည်းပါးပါသည်။ပြည်တွင်းပဋိပက္ခမရှိပါ။ လူကုန်ကူးခြင်းမရှိပါ။ တိရစ္ဆာန်ကူးစက်ရောဂါ ခွာနာလျှာနာများ ရာသီအလိုက်ဖြစ်တတ်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | ကား၊ ဆိုင်ကယ် စည်းကမ်းမဲ့စီးခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | ဆွေမျိုးများမှထောက်ပံ့ခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | မြို့နှင့်နီးစပ်ခြင်း |

| | | | |
|---|---|---|---|
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | – | – |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | – | – |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများ သော နေရာ (Prone to accident) တွင် နေထိုင်သူများ | လတ် | ကားလမ်းမကြီးဘေးတွင် တည်ရှိသောရွာဖြစ်သောကြောင့် ယာဉ်အန္တရာယ်ရှိခြင်း |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | – | – |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | – | – |
| ၉ | ငါးကန်ပိုင်ရှင် | – | – |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အလုပ်အကိုင်ရှားပါး |
| ၁၁ | လူနည်းစုလူမျိုးများ | – | – |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | – | – |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | – | – |
| ၁၄ | ရွှေတွင်းလုပ်သား | – | – |
| ၁၅ | ဆေးစွဲသူများ | – | – |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | – | – |
| ၁ | လှည့်လည်သွားလာ၍ | လတ် | ကုန်စိမ်း၊ ခေါင်းရွက်၊ ဗျက်ထိုး |

| | | | |
|---|---|---|---|
| ၇ | ဈေးရောင်းသူများ | | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | – | – |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | – | – |
| ၂၀ | ကားသမား | မြင့် | မတော်တဆထိခိုက်မှုအခြေအနေရှိသောကြောင့် |
| ၂၁ | အခြား | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဒေသတွင်းမှ နေထိုင်သူများပါသည်။ မတော်တဆထိခိုက်မှု ဖြစ်နိုင်ချေများသည့် (Prone Accident)နေရာများတွင် နေထိုင်သူ မရှိပါ။ သို့သော် ကားလမ်းမဘေးတွင်တည်ရှိသော ကျေးရွာဖြစ်ပါသည်။ နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်သူမရှိပါ။ မင်းဘူးမြို့နှင့် (၃)မိုင်ခန့်သာကွာဝေး၍ ခရိုင်ဆေးရုံနှင့် နီးစပ် ခြင်း၊ ကူးစက်ရောဂါတိုက်ဖျက်ရေး ကျန်းမာရေးဝန်ထမ်းများမှ ပညာပေးဟောပြောပွဲများ ကြောင့် နည်းပါးပါသည်။ လှည့်လည်ဈေးရောင်းသူ၊ နေရပ်ပြန်အခြေချသူ၊ ရွှေ့ပြောင်း လုပ်သား၊ ကားသမားမရှိပါ။

**(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ**

**(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ပက် | ၁ | | ၂၀ | ၂၀ | ငွေစုငွေချေး | ၄ | |
| ၂ | လူငယ် | ၂ | ၂၀ | ၂၀ | ၄၀ | ဖွံ့ဖြိုးရေး | ၅ | |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၃ | ဓမ္မစကူးလ် | ၃ | ၁၀ | ၇ | ၁၇ | ဘာသာရေး | ၁၇ | |
| ၄ | သမ | ၃ | ၄၀ | | ၄၀ | ငွေစုငွေချေး | ၂ | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် – လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁–၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) – ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထား ရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကန်ရေအမှတ်(၂)ကျေးရွာတွင် စီးပွားရေးအခြေခံအုပ်စု၊ လယ်သမားအဖွဲ့မရှိပါ။ လူမှုရေးအဖွဲ့များမှာ အမျိုးသမီး(၂၀)၊ အမျိုးသား(၂၀)နှင့် ဖွဲ့စည်းထား

သော သာရေး၊ နာရေး လုပ်ဆောင်သောအဖွဲ့ရှိပါသည်။ ဘာသာရေးနှင့် ပတ်သက်၍ နာယက (၁၀)ဦးနှင့် တစ်ဖွဲ့၊ အမျိုးသား(၁၀)ဦးနှင့် သံဃာတော်များ ဦးဆောင်သော ဓမ္မစကူးလ်အဖွဲ့ ရှိပါသည်။ စနေနှင့်တနင်္ဂနွေနေ့များတွင် ဆရာ၊ ဆရာမများ၊ သံဃာတော်များမှ သင်ကြား ပါသည်။ ကျောင်းသားဦးရေ(၁၃၀)ဦးရှိပါသည်။ ပြင်ပအဖွဲ့များမှာ ပက်မှငွေချေးပါသည်။ သမ မှလည်း အဖွဲ့အစည်းဖြင့် ငွေချေးပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | Pact–Myanmar | (၂) | ငွေစု၊ငွေချေး |
| ၂ | သမဝါ ယမ | | ကျေးရွာလူထုအတွက် စိုက်ပျိုးစရိတ် ချေး |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ – UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စိုက်ပျိုးစရိတ်ချေးငွေနှင့်

အခြားစီးပွားရေး လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် ငွေချေးပေးနေသော ပက်အဖွဲ့ရှိသောကြောင့် ကျေးရွာလူထု၏ အခက်အခဲများကို အနည်းငယ်ဖြေရှင်းပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ သမဝါယမဦးစီးဌာနမှလည်း စိုက်ပျိုးစရိတ်များထုတ်ချေးပေးခြင်း ရှိပါ သည်။

**(၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(၂.၂.၁) သီးနှံထုတ်လုပ်ရေး**

**(၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၅ | ၅၅% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် | ၁၃ | ၁၃% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ | ၁၃ | ၁၃% | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေ ကြား | ၁၂ | ၁၂% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် | ၇ | ၇% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၀၀** | **၁၀၀%** | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် မြေယာမဲ့ကျပန်းလုပ်ကိုင်သူ (၅၅)ဦးရှိပါသည်။၂.၅ကေ အောက်အနိမ့်စား လယ်ယာပိုင်ဆိုင်(၁၃)ဦးရှိပါသည်။ ၂.၅ကေ အောက်အနိမ့်စား လယ်ယာပိုင်ဆိုင်(၁၃)ရှိပါသည်။ ၅ကေမှ ၁၂.၅ကေအထိ ပိုင်ဆိုင်သူ တောင်သူလတ်(၁၂)ဦး ရှိပါသည်။ ၁၂.၅ကေအထက် ပိုင်ဆိုင်သော တောင်သူကြီး

(၇)ဦးရှိပါသည်။ စုစုပေါင်း ဦးရေ(၁၀၀)ရှိပါသည်။မြေယာမဲ့ (၅၅)ဦး၊ မြေယာပိုင်ဆိုင်သူ (၄၅) ဦးဖြစ်၍ အချိုးညီမျှမှုမရှိပါ။ ဆင်းရဲသားတောင်သူ၊ တောင်သူငယ်၊ တောင်သူလတ်တို့မှာ လည်း လယ်ယာကုန်ကျစရိတ်များခြင်း၊ ထုတ်ကုန်ဝင်ငွေ အားနည်းပါသည်။ တောင်သူကြီး (၇)ဦးသာလျှင် စီးပွားရေးနှင့် ကုန်ထုတ်မှု အဆင်ပြေပါသည်။ နည်းပညာအကူအညီပေးမှု များ လိုအပ်ပါသည်။

### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ/ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အိုင်းမ | ၁၃၃ | | လုံလောက်မှုမရှိ |
| ၂ | ရေလွှဲဆည် | အစိုးရ | | မိုးရာသီ | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိက | ၅ | ရာသီအလိုက် | လုံလောက်မှုရှိ |
| ၅ | လက်ငင်ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကန်ရေ–၂ကျေးရွာတွင် ရွာ၏အနောက်မြောက်ဖက်၌

လယ်မြေ၃၃၃ဧကသည် အိုင်းမဆည်မှ ရေကိုသောက်ရသော လယ်မြေများသာဖြစ်သည်။ အိုင်းမဆည်မှလာသော မြောင်းမကြီးမှ အောင်ပင်လယ်ကန်နှင့် အရှေ့ဘက်ရှိ ကြီးပင်ကန်ရွာ၏ လယ်ယာမြောင်းဖြစ်ပါသည်။သို့သော် မြောင်း၏ ကြံ့ခိုင်မှုအားနည်း၍ မိုးနည်းသော နှစ်များတွင် ရေလုံလောက်မှုမရှိပါ။ အဝီစိတွင်း စက်တပ် ရေသောက်ဧကမှ (၅)ဧကရှိပါသည်။ရေတွင်း၏ အနက်ပေမှာ ပေ(၃၀)မှ ပေ(၄၀)အတွင်းတွင် ရေထွက်ပါသည်။ စိမ့်စမ်းရေမရှိပါ။ ထို့ကြောင့် သောက်သုံးရေလုံလောက်မှုသည် လယ်ယာ လုပ်ကိုင်သူတို့၏ အသက်သွေးကြောဖြစ်၍ မြောင်းမကြီး၏ ကြံ့ခိုင်မှုသည် အလွန်အရေးပါ ပါသည်။ သက်ဆိုင်ရာမှ ကူညီပံ့ပိုးပေးပါရန် တင်ပြတောင်းခံရမည်ဖြစ်ပါသည်။

### (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၁၃၃ | တင်း | ၅၀ | ၈၀ | ၆၅ | မေ | အောက်တိုဘာ | မြင့် | နိမ့် | – |
| နှမ်း | ၁၅၆.၅ | တင်း | ၅ | ၇ | ၆ | ဩဂုတ် | မေ | မြင့် | နိမ့် | – |
| ကုလား | ၅၀ | တ | ၅ | ၁၀ | ၇ | မတ် | မေ | မြင့် | နိမ့် | |

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုး သည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နိမ့်/လတ်/ မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/ လတ်/ မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| ပဲ | | င်း | | | | | | | | |
| ပဲတီစိမ်း | ၅၀ | | ၅ | ၁၀ | ၈ | အောက်တိုဘာ | ဇန်နဝါရီ | မြင့် | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကန်ရေ–၂ ကျေးရွာတွင် စုစုပေါင်း စပါးစိုက်ဧက (၁၃၃)ဧကဖြစ်ပြီး စပါးစိုက်ရက်မှ ပျမ်းမျှအားဖြင့် ကဆုန်လမှ တန်ဆောင်မုန်းလအထိ ဖြစ်ပါသည်။ (၁)ဧကလျှင် အနည်းဆုံး(၅၀)မှ အများဆုံး(၈၀)အထိ ထွက်ရှိပါသည်။ သွင်းအားစုမြင့်ရခြင်းမှာ ဝယ်ယူရသော ဆေးဝါးများဈေးနှုန်းမြင့်မားခြင်း ကြောင့် ဖြစ်ပါသည်။ အမြတ်အစွန်းနည်းရခြင်းမှာ မိမိရောင်းချသော အချိန်တွင် ဈေးနိမ့်ခြင်း၊ မျိုးဝယ်ယူလျှင် ဈေးတက်ခြင်း၊ ဈေးကွက်ညီညွတ်မှု မရှိခြင်းကြောင့် ဖြစ်ပါသည်။ နှမ်း၊ ကုလားပဲတို့မှာ ပျမ်းမျှအားဖြင့် (၁)ဧကလျှင် မြင့်လျှင်(၅)တောင်း၊ နိမ့်လျှင်(၂)တောင်း ထွက်ရှိ ပါသည်။ ပဲတီစိမ်းမှာ (၁)ဧကတွင် မြင့်လျှင်(၁၀)တောင်း၊ နိမ့်လျှင်(၅)တောင်းအထိ ထွက်ရှိကြောင်း လေ့လာတွေ့ရှိရပါ သည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| **စက်အမျိုးအစား** | **ပိုင်ဆိုင်မှု** | | | | | **စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်** | **မှတ်ချက်/အခြေအနေ** |
|---|---|---|---|---|---|---|---|
| | **တစ်ဦးချင်းပိုင်** | **အဖွဲ့ပိုင်** | | **ရွာပိုင်** | | | |
| | | **အရေအတွက်** | **လယ်သမားဦးရေ** | **အရေအတွက်** | **လယ်သမားဦးရေ** | | |
| ထွန်စက် | ၁ | | | | | | |
| လက်တွန်းထွန်စက် | ၉ | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | ၁ | | ၁ | | | | |
| ရေစုပ်စက် | ၁၂ | | ၁ | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကန်ရေ-၂ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သူ (၄၅)ဦးရှိိပြီး လယ်စိုက်ကေ(၁၃၃)ကေရှိပါသည်။ ရိတ်သိမ်းစက်မရှိသေးပါ။ ခြွေလှေ့စက်(၁)လုံး၊ ရေစုပ်စက်(၁၂)လုံး ရှိပါသည်။ စိုက်ပျိုးမှုအတွက် စက်ပစ္စည်း၊ ငွေကြေး၊ နည်းပညာ အဖက်ဖက်မှ လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) | စိုက်ပျိုးမြေတိုးချဲ့နိုင်မှု မရှိပါ။ |
| ရေရင်းမြစ် | အိုင်းမဆည် |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေး၊ မြေဆွေး |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | မင်းဘူးကုမ္ပဏီ |
| ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုများ | အစိုးရဘဏ်၊ သမဝါ  ယမ၊ ပက်မြန်မာ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | ဆေးကုမ္ပဏီများမှ ပညာပေးမှုရှိ။ |
| သွင်းအားစုဈေးကွက် | လတ် |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | မင်းဘူး၊ မကွေးသို့ ကား/သုံးဘီးများဖြင့် သွားရောက်ရောင်းချနိုင်ပါသည်။ |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကန်ရေ–၂ ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ မင်းဘူး–စကုမြို့နယ်အတွင်းတည်ရှိပါသည်။ မင်းဘူးမှ အနောက်အရပ်သို့ ဦးတည်မောင်းနှင်သော မင်းဘူး–အမ်းလမ်းဘေး၌ တည်ရှိပါသည်။ မင်းဘူးမြို့နှင့် (၃)မိုင်ခန့် ကွာဝေးပါသည်။ လယ်ယာမြေကိုအားထား၍ လုပ်ကိုင်စားသောက်သူများ ဖြစ်ပါသည်။ သွင်းအားစုဈေးကွက်များမှာ နှမ်း၊ စပါး၊ မြေပဲ၊ နေကြာ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့ဖြစ်ကြပါသည်။

ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှုမှာ မင်းဘူး၊ မကွေးမြို့များသို့ ကား/သုံးဘီးများဖြင့် သွားရောက်ကုန်သွယ်ကြပါသည်။ သို့သော် (လတ်) ဆိုသည်မှာ ကျွန်တော်တို့ရွာလေးသည် ဆင်းရဲသားတောင်သူနှင့် တောင်သူငယ်လေးများ ပို၍များပါသည်။ ထို့ကြောင့် စိုက်ရန်မျိုးစေ့ နှစ်ပတ်လည်ထားနိုင်သူ ရှားပါးသည်။ မျိုးဝယ်ယူချိန်၌ ဈေးနှုန်းမြင့်မားပါသည်။ သို့သော် မျိုးကောင်း မျိုးသန့်မရပါ။ ထုတ်လုပ်မှုဈေးကွက်၌ ဝင်ငွေနည်းပါး၍ အဘက်ဘက်မှ ပြည့်စုံမှု အားနည်းပါသည်။ ထို့ကြောင့် နည်းပညာအကူအညီ လိုအပ်ပါသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | ကျေးရွာချင်း လယ်မြေများ ထိစပ်နေခြင်းကြောင့် |
| မြေဆီဩဇာ အခြေအနေ | ဓါတုဆေးများ အလွန်အကျွံ သုံးစွဲခြင်း |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | မလုံလောက်ပါ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | စိုက်ပျိုးရာသီတွင် အလုပ်ရှိ၊ ကျန်အချိန်များတွင် အလုပ်မရှိသောကြောင့် |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | ကျွမ်းကျင်သော်လည်း လုပ်သားများသည် အခြားနယ်သို့ ထွက်နေပါ သည်။ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ရာသီဥတုအပေါ် မှီခိုနေရခြင်း |
| စိုက်ပျိုးရေ မလုံလောက်မှု | ဆည်ရေပုံမှန်မပေးခြင်း |
| ဖျက်ပိုးနှင့် ရောဂါ | ဆေးဝါးများ စနစ်တကျမသုံးစွဲနိုင်ခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မိရိုးဖလာနည်းနှင့်သာလုပ်ကိုင်နေခြင်း |
| အခြား | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကန်ရေအမှတ်(၂)ကျေးရွာတွင် အိုင်းမဆည်မှလာသော မြောင်းမကြီးမှ လယ်ယာသောက်မြောင်းဖြစ်ပါသည်။ စိုက်ပျိုးကေ(၁၃၃)ကေဖြစ်၍ မြောင်း၏ကြွခိုင်မှုအားနည်း၍ မိုးနည်းသော နှစ်များတွင် သောက်သုံးရေ မလုံလောက်ပါ။ ဖျက်ပိုးနှင့်ရောဂါ နည်းပညာနှင့် စနစ်တကျသုံးစွဲနိုင်ခြင်းမရှိပါ။ ပိုးသတ်ဆေး၊ အားဆေးတို့၏ အညွှန်းများသည် အင်္ဂလိပ်ဘာသာနှင့်သာရေးထားပါသည်။ တောနေ တောင်သူလူတန်းစား များသည် အသက်(၄၀)နှင့် (၆၀)တို့သည် ဦးစီးလုပ်ကိုင်ကြ၍ ဆေးညွှန်းကို နားမလည်၍ တိကျစွာမသုံးနိုင်ပါ။ မင်းဘူးမြို့နှင့်(၃)မိုင်ကွာ၍ ဈေးကွက်လက်လှမ်းမီပါသည်။ သို့သော် ဆေးကိုတိကျစွာသုံးနိုင်မှသာ မြေဆီလွှာပျက်စီးမှုနည်းမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ ဆေးကုမ္ပဏီများနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီလိုအပ်ပါသည်။ နားလည် အောင်လည်း နည်းပညာပေးရန် လိုအပ်ပါသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၄၉ | ၂၂၃ | လုံလောက်မရှိ |
| နို့စားနွား | – | – | လက်လှမ်းမမီပါ |
| မြင်း | ၁ | ၁ | |
| ကျွဲ | – | – | |
| မြည်း | – | – | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| လား | – | – | |
| ဆိတ် | ၆ | ၂၀၆ | အသင့်အတင့်ရှိပါသည်။ |
| သိုး | | | – |
| ဝက် | ၁၁ | ၁၅ | အသင့်အတင့်ရှိပါသည်။ |
| ကြက် | ၄၉ | ၅၀၅ | အသင့်အတင့်ရှိပါသည်။ |
| ဘဲ | – | – | – |
| နွားနောက် | – | – | – |
| အခြား | – | – | – |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | – | – | – |
| ပုဇွန်ကန် | – | – | – |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | – | – | – |
| ရေချို ငါးဖမ်းလုပ်ငန်း | – | – | – |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | – | – | – |
| အခြား | – | – | – |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စု(၁၀၀)စုမှာ ခိုင်းနွား(၂၂)ကောင်ရှိပါသည်။ မြင်း(၁)ကောင်၊ ဆိတ်(၂၀၆)ကောင်၊ ဝက်(၁၅)ကောင်၊ ကြက် (၅၀၅) ကောင်ရှိပါသည်။ (၄၉)စု၏ ပိုင်ဆိုင်မှုဖြစ်ပါသည်။ကျန်(၅၁)စုမှ မွေးမြူခြင်းမရှိပါ။ ပင်လယ်နှင့်နီးသောဒေသ မဟုတ်သောကြောင့် ရေထွက်ကုန် မရှိပါ။နို့စားနွားမရှိပါ။ နွား၊ နို့စားနွား၊ ဝက်၊ ကြက်၊ ဆိတ် တို့ကို စနစ်တကျ မွေးမြူနိုင်မည်ဆိုပါက တစ်ဖက်တစ်လမ်းမှ စီးပွားရေးအထောက်အကူဖြစ်စေနိုင်ပါသည်။

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ရိတ်သိမ်းပြီးလယ်ယာမြေ |
| ရေရရှိမှု | အိုင်းမဆည်၊ အဝီစိတွင်း |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | မရှိ |
| ချေးငွေ | စိုက်/ဘဏ်(၅)ဦးရှိ |
| သွင်းအားစု ဈေးကွက် | ဝက်၊ ဆိတ် |
| ဝန်ဆောင်မှု ဈေးကွက် | – |
| ထုတ်ကုန် ရောင်းဝယ်မှု | ဈေးကွက်လက်လှမ်းမီမှုရှိ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | အိမ်ဝန်းနေရာများ ကျယ်ဝန်းခြင်း |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | – |
| ချေးငွေ | – |
| သွင်းအားစု လက်လှမ်းမီမှု | – |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | – |
| ထုတ်ကုန် ရောင်းဝယ်မှု | – |
| အခြား | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် စားကျက်မြေမှာ ရိတ်သိမ်းပြီးလယ်ယာမြေဖြစ်၍ ရေရရှိမှုမှာ ပေ(၃၀)ခန့်မှစ၍ အဝီစိတွင်းရေ ရပါသည်။

မျိုးတိရစ္ဆာန်ရှိသည်ဆိုသော်လည်း မျိုးကောင်းမျိုးသန့် လက်လှမ်းမမီပါ။ ပက်မြန်မာ၊ သမနှင့် အစိုးရ စိုက်/ဘဏ် ချေးငွေများ ရရှိပါသည်။ သွင်းအားစုဈေးကွက်မှာ ဆန်၊ ဖွဲ၊ ဆန်ကွဲ ဝန်ဆောင်မှု နည်းပါသည်။ ထုတ်ကုန်ရောင်းဝယ်မှုမှာ အသင့်အတင့်ဖြစ်ပါသည်။ အိမ်၊ ခြံ၊ မြေလုံလောက်မှုရှိပါသည်။ ငါး၊ ပုစွန်၊ ရေထွက်ကုန် မရှိပါ။ သွင်းအားစုလက်လှမ်းမီမှု သင့်တင့်ပါသည်။ နည်းပညာကူညီမှု လက်လှမ်းမမီပါ။ မျိုးသန့်သတ္တဝါနှင့် နည်းပညာ လိုအပ် ပါသည်။ နည်းပညာနည်းပါး၍ ထုတ်ကုန်ရောင်းဝယ်မှု အားနည်းစေသည်။ ထို့ကြောင့် နည်းပညာနှင့် မျိုးကောင်းမျိုးသန့် အဓိကလိုအပ်ပါသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | ရှိသော်လည်း လုံလောက်စွာ မရနိုင်ပါ |
| ကူးစက်ရောဂါဖြစ်ပွားမှု | ကာကွယ်ဆေးပုံမှန်မထိုးခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာပေးသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | အရင်းနှီးမလုံလောက်၍ လက်လှမ်းမီမှုမရှိပါ |
| အခြား | – |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | – |
| ချေးငွေ ရရှိနိုင်မှု | – |
| အခြား | – |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ ကျေးရွာတွင် ဈေးငွေရရှိနိုင်မှုမရှိပါ။ မွေးမြူရေးနည်းပါးပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေးထိုးသော်လည်း ရုံဖန်ရံခါ လေးဘက်နာ နှင့် ခွာနာလျှာနာများ ဖြစ်တတ်ပါသည်။ နည်းပညာအကူအညီလက်လှမ်းမမီပါ။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းအတွက် လိုင်စင်/လေလံ လက်လှမ်းမမီပါ။ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း မရှိပါ။

## (၂.၂.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

## (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း | ၂ | ၂ | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | ၁၆ | ၂၂ | | ပန်းရံ၊ လက်သမား၊ ပန်းဘဲ |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း / အလုပ် သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
